မြတ်မြတ်ရှော စာပေ

# ကိုရွှေတောသား

## လွှဲချော်မှုများ

( ဟာ သ ဝ တ္ထု များ )



ကာတွန်း - နိုးနွယ်ဒိမ်

စပယ်ယာ၏
ဟောက်သံကိုလည်း
ကလန်ကဆန် မလုပ်ရဲ၊
ကိုယ့်စက်ဘီးကလေးသာ
သူတစ်ပါးလက်ထဲပါသွားလျှင်တော့
ကျွန်ုပ်အဖို့
နေစရာပင် ရှိတော့မည်မဟုတ်။

## တလွဲလွဲရယ်တဲ့ တချော်ချော်

အသက် ၅၀ ကျော်၊ ဖိဝနီးပါးရှိလာ၍ လားမသိ။ ကျွန်ုပ် ဘူးသီးပုံ မောင်တေမိ၏ ဦးနှောက်မှတ်ဉာဏ်တို့ သည် အနုတ်လက္ခဏာဘက်သို့ ပြပြလာသည် ထင်ပါ၏။ အပတ်စဉ်ထုတ် ဘူးသီးပုံဂျာနယ်အား စာမူချ ပေးတော့လည်း တလွဲလွဲတချော်ချော်။

'ဆရာ… အဲဒီသတင်းကြီးက ပြီးခဲ့တဲ့ အပတ်ကထုတ်တဲ့ ကျွန်တော်

တို့ ဂျာနယ်ထဲမှာ ပါသွားပြီးပြီလေ ဆရာ’

‘အယ်... ဟုတ်ပါရဲ့ သုံးပြီးသားကို ခြင်းထဲမထည့်မိဘဲ မေ့နေတာ ဟေ့... ငါ့နှယ်နော်’

‘နောက်ပြီး မှူခင်းသတင်းအတွက် တရားခံဒလကျောက်လုံးရဲ့ ပုံနေရာမှာ လည်း ဟစ်ဟော့အဆိုတော်လေးရဲ့ ပုံဖြစ်နေတယ်၊ ဆရာက တော့ ကွိုင်ပဲ’

‘အား... ဟုတ်သဟေ့၊ ဆောရီးပဲကွယ်၊ ဆောရီး... ဆောရီး’

‘ဆရာ ဆောရီးတာအကြောင်း မဟုတ်ဘူး ၊ ဂျာနယ်တရားစွဲခံရရင် ထုတ်ဝေသူ အီစံကွားလားက ဒေါ်ခီးပြီးဆရာ့ကို ဂျောင်းခိုင်းမှာ နော်’

‘အေးပါကွယ်... အေးပါ၊ အသက်ကစကားပြောလာလို့ ဆရာလည်း မမ်မိုရီတွေလျော့လာတာနဲ့ တူပါတယ်၊ ဆံပင်တောင်မှ နှစ်ပတ်တစ်ခါ ဆေးဆိုးနိုင်လို့ ဒါမှ မဟုတ်ရင်တော့ ဖွေးဖွေးကိုလှူပ်နေပြီ၊ အင်း... ဒုက္ခ ၊ ဒုက္ခ၊ ဇရာကစကားပြောလာတဲ့ ဒုက္ခ’

သည် ပုံအတိုင်းဆိုလျှင် ရှေ့လျှောက် ကျွန်ုပ်၏ လုပ်ငန်းခွင်၌ အထစ်အငေါ့တွေ ရှိလာရော့မည်။ ထိုအခါ လုပ်ငန်းကို ထိလာ၊ ခိုက်လာပေရော့မည်။ လုပ်ငန်းထိခိုက်လျှင် စား၊ ဝတ်၊ နေရေးမပြေလည်ဖြစ်လာကာ အိမ်၌ အငြိမ့်သားဒူးနှံ့လျက်ရှိသော မိုင်လေဒီ ဒေစီခင်ခင်တုတ်သည် ကျွန်ုပ်အား စူစူဆောင့်ဆောင့်လုပ်လာမှာ ကို စိတ်မသက်သာဖွယ် တွေးမြင်လာမိတော့တကား။

‘သတိတရားကို လက်ကိုင်ထားနိုင်အောင်၊ သတိလက်လွတ်မဖြစ်အောင် ရိပ်သာတစ်ခုခုဝင်ပြီး တရားလေးဘာလေးထိုင်ကြည့်ပါလား ကို တေမိ’

ခမ္မမိတ်ဆွေအချို့က သည် သို့ကောင်းရာညွှန်လတ်ကြသော်ငြား ကျွန်ုပ်ကား တရားရိပ်သာနှင့်တည့်သည် ဟု မထင်မိချေ။ ကျွန်ုပ်နှင့်တည်သည် ကား မော်ဒယ်ဧည့်ခံပွဲ၊ မော်ဒယ်ရှိုးလျှောက်ပွဲ၊ ဖက်ရှင်ဝတ်စုံပြပွဲ၊ စင်တင်တေးဂီတဖျော်ဖြေပွဲ၊ ကာရာအိုကေခန်း၊ ကေတီဗွီခန်းတို့ သာလျှင်ဖြစ်ပါကြောင်း ရိုးသားပွင့်လင်းစွာ ဝန်ခံရမည်ဖြစ်ပါသည် ။

သည် လိုပုံအတိုင်းသာ သတိတရားကို ထိန်းချုပ်ဖို့ မကြိုးစားဘဲ စိတ်ကိုလွှတ်ထားလိုက်ပါက အရာရာတိုင်း တလွဲလွဲချော်ချော်ဖြစ်ကာ ကိုယ်ကျိုးနည်းဖို့ သာ ရှိပါတော့၏။

ဟိုးတလောတုန်းကလည်း စာနယ်ဇင်းဧည့်ခံပွဲကျင်းပမည့် ထရေးဒါးသို့ ဂျာနယ်ရုံးခန်းမှ သွားရန် ပြင်နေစဉ်ကွန်ပျူတာကလေးမလေးက ကျွန်ုပ်၏ ခြေအစုံကို လက်ညှိုးဖြင့်ထိုးလျက်…

‘ဆရာ့နှယ်နော်… တစ်ကိုယ်လုံးကိုတော့ ရှိုးနဲ့ မိုးနဲ့ ၊ အဲ… ဒါပေမဲ့ ဖိနပ်ကျတော့ ဘယ်လိုဖြစ်ရတာလဲ’

‘ဟာ’

ဟုတ်ပါရဲ့ ။ ကျွန်ုပ်၏ ခြေတွင် စွပ်ထားသည့် ဖိနပ်ကား အိမ်၌ အကြမ်းစီးသည့် ရော်ဘာဖိနပ်စုတ်ဖြစ်နေသည့်အပြင် သည်းကြိုးအရောင်တွေကလည်း မတူပေ။

ဖိနပ်တစ်ဖက်ဆိုလျှင် အမြီးပင်အနည်းငယ် ပြတ်နေပေပြီ။ သည်လိုဖိနပ်အစုတ်နှင့် ဧည့်ခံပွဲရောက်သွားလို့ ကတော့ အများ ၏ လှောင်ပြောင်ဟားတိုက်မှုကို ခံရမှာ သေချာသည် ။

သည် တော့လည်း ဖိနပ်အသစ်တစ်ရံဖိုး ထွက်ရပြန်ချေပြီကော။ တစ်ခါတစ်ရံအ လုပ်သွားတော့မည်ဆိုပြီး အိမ်မှ အထွက် လမ်း၌ အိမ်နေပု

ဆိုးဖင်ပေါက်ကို ဝတ်လာမိခဲ့၍ အိမ်တစ်ခေါက်ပြန်လဲရတာမျိုးလည်း ဖြစ်ဖူး၏။

ဩော်… တလွဲလွဲရယ်တဲ့ မှ တချော်ချော်ပါတကား။

***

သည် ကနေ့ကား ကျွန်ုပ်မောင်တေမိအတွက် အိမ်မှာ နားနားနေနေ နေခွင့်ရသည့် ဟောလီးဒေးတစ်နေ့ဖြစ်ချေ၏။

သည် တော့ တပည့်ကျော်ဆဋ္ဌဂံစေင်ရိုင်းဆောင်ကြဉ်းပေးသည့် နိုင်ငံခြားမော်ဒယ်အလှဓာတ်ပုံစာအုပ်ကြီးဖြင့် ပက်လက်ကုလားထိုင်၌ 'နှပ်လေသရောတည်း' ဟူ၍ အကြံအစည်တွေ ပွားနေတုန်း မီးဖိုချောင်မှ ကျွန်ုပ်၏ မဟေသီ ဒေစီခင်ခင်တုတ်ထံမှ ငှက်ဆိုးထိုးသံက နားစည်မြွေးရှိရာသို့ ဝုန်းခနဲ ဆောင့်တက် လာလေသည် ။

၎င်းသည် ကျွန်ုပ်စာနယ်ဇင်းဧည့်ခံပွဲများမှ လက်ဆောင်ပဏ္ဏာများပါ လာပြီဆိုသည့်သမယ၌ 'ကိုကိုတေ၊ အိုး… မိုင် ဒါလင်ကိုကိုတေ'ဟူ၍ ပိယဝါစာချိုသာသောစကားကို ဆိုတတ်သလောက် လာဘ်လာဘတံစိုး လက်ဆောင်များ အချားနိမ်းသည့် ခုလိုသမယမျိုး၌ မူ…

'ဒီမှာ ကိုတေမိ… နားလေးနေသလား၊ နားဖာချေးဆို့နေ သလားကို တေမိ'ဟူသည့် စူးရှကြမ်းတမ်းသော စကားလုံးများ နှင့် ပစ်ပေါက်တတ်လေသည် မှာ သူမ၏ နည်းဗျူဟာ တစ်ခုပင် ဖြစ်ချေသည် တစ်မုံ။

'ဟေ.. ဟေ ဘာလဲကွာ၊ ဘာများ လဲကွာ'ဟူ၍ ကျွန်ုပ်လည်း နိုင်ငံခြားမော်ဒယ်အလှဓာတ်ပုံစာအုပ်ကိုဝှက်လျက် သူမရှိရာ မီးဖိုချော

င်အတွင်းသို့ ဝင်သွားရလေတော့သည် ။

'ကျုပ်ဒီမှာ ထမင်းအိုးတည်နေတယ်၊ ဒီတော့ ဒီကနေ့တော်ပဲဈေးသွား၊ ဟောဟိုမှာ ဆွဲခြင်းတောင်းတွေ့လား'

'ဩော်... အေး... အေး၊ သွားပေးဆိုသွားပေးရတာပေ့ါကွာ၊ ကိုင်း... ပြော၊ ဈေးထဲရောက်ရင် ဘာဝယ်လာခဲ့ရမလဲ'

'ဆီရယ်၊ ငရုတ်သီးရယ်၊ ကြက်သွန်ရယ်၊ ချင်းရယ်၊ ဟင်းခတ်မှုန့်ရယ်၊ တို့ စရာရယ်၊ ရေကျိုငါးပိရယ်ဝယ်ခဲ့၊ အဲ... ပြီးတော့လည်း ကျုပ်ကြိုက်တဲ့ ဝက်သားသုံးထပ်သားကို ငါးဆယ်သားလောက် ဆွဲလာခဲ့ဦး။

ကျုပ်မှာ လိုက်တာတွေကို သေသေချာချာလည်း မှတ်သွားဦးနော်၊ မေ့ကျန်လို့ ကတော့ ရှင်နဲ့ ကျုပ် ကမ္ဘာ့ရန်ပဲ၊ ဒီကနေ့ ညစာကို ဖြတ်ထားပစ်မယ်'

သူမကို ယခုလို ဖက်တီးပုတ်ကြီးဖြစ်အောင် ဝဝလင်လင် ရှာဖွေကျွေးမွေးလျက်ရှိသည့် လင်တော်မောင် အိမ်ဦးနတ် ကျွန်ုပ်အား ပြောလေသည့်စကား။ အင်မတန်မှ နားဝင်ပီယံကင်းမဲ့လှပါဘိ။

သည် စကားထဲ၌ 'ညစာဖြတ်ထားမယ်'ဆိုသော စကားက ကျွန်ုပ်၏ အသွာကို ဆွဲကိုင်လှုပ်ယမ်းပစ်လေသည် မို့...

'အေးပါကွာ၊ အေးပါ၊ မင်းမှာ တာတွေ တစ်ခုမှ မမေ့စေရပါဘူး'ဟူသော ညောင်နာနာအသံဖြင့် ရွေပြည်အေးလုပ်လိုက်ရင်း ဈေးဆွဲခြင်းတောင်းကိုယူကာ သူမတိုင်းထွာ၍ ပေး လိုက်လေသော ပိုက်ဆံအား အိတ်ကပ်ထဲထည့်လျက်ဈေးရှိရာသို့ ထွက်လာခဲ့ပါတော့၏။

'အင်း... ဆီရယ်၊ ငရုတ်သီးရယ်၊ ကြက်သွန်ရယ်၊ ချင်းရယ်၊ ဟင်းခတ်မှုန့်ရယ်'

ကျွန်ုပ်လည်း မဟေသီကြီးမှာ လိုက်သည့် တို့ ကို ဆီမန်းမန်းသလို တတွတ်တွတ်ရေရွတ်ရင်း ဈေးထဲသို့ရောက်လာခဲ့ပြီး သကာလ မှာ လိုက်သည့်ပစ္စည်းများ မေ့မကျန်ရစ်ရလေအောင် တစ်ခုချင်းဝယ်ယူကာ ဈေးခြင်းတောင်းထဲသို့ ထည့်ရလေတော့၏။

'နေဦး၊ တို့ စရာရယ်၊ ရေကျိုငါးပိရယ် ကျန်သေး တယ်'

သို့ဖြင့်ဟင်းရွက်တန်းသို့ သွားကာ တညင်းသီး၊ သခွားသီးနှင့် ပူဒီနာ စည်းကလေးများကို ဝယ်လိုက်၏။ တစ်ဖန်မလှမ်းမကမ်းရှိ ငါးပိ၊ ငံပြာ ရည်ဆိုင်သို့လျှောက်ရပြန်ပြီး ရေကျိုငါးပိ မွှေးမွှေးလေးအား တစ်ဆယ် သားချိန်ခိုင်းကာ ခြင်းတောင်းထဲထည့်ရပြန်လေ၏။

'မှာ လိုက်တာတွေစုံပြီလား၊ ဟား.. ကျန်သေးတယ်၊ ကျန်သေးတယ်၊ ဒီလောက်တောင် အဆီပိတ်နေတာ ဝက်သားကလည်း ကြိုက်မှ ကြိုက်၊ စားတော့လည်း သုံးထပ်သားမှ တဲ့ ၊

အင်း... မဝယ်မိဘဲ မေ့ကျန်ရစ်ခဲ့လို့ များကတော့ ခါတိုင်းထက် ဆ ယ်ဆလောက် ရန်တွေ့မှာ သေချာတယ်။

'အင်း... သတိ၊ သတိ၊ အဲဒီသတိကို လက်ကိုင်ထားလိုက်ရင် အလွဲ လွဲအချော်ချော်တွေ ဘာမှ ဖြစ်တော့မှာ မဟုတ်ဘူး ၊ ဘာရမလဲ ငါကွ'

သို့ဖြင့် ကျွန်ုပ်လည်း သတိကြီးစွာထားလျက် ဝက်သားတန်းဘက်သို့ ဈေးခြင်းတောင်းဆွဲကာ ထွက်လာခဲ့ပါတော့၏။

'ဗျို့၊ ဆရာကီး၊ သုံးထပ်သားတွေ ကောင်းလယ်နော်၊ ရှယ်ပဲ ရှယ်ပဲ'

ဝက်သားရောင်းသော ပေါက်ဖော်ကြီးက ဓားနှစ်ချောင်းကို တရှပ်ရှ ပ်ပွတ်ရင်း မဝယ်ချင်ဝယ်ချင်အောင် စကားခေါ်နေလေသည် ။

'အေးကွာ... သုံးထပ်သားထဲက ငါးဆယ်သားလောက် ချိန်ပေးကွာ'

ဟူ၍ အဖြေစကားဆိုတာ ဈေးခြင်းတောင်းအား ဝက်သားခုံနံဘေးရှိ ခွေးခြေပေါ်မှာ တင်ထား လိုက်လေသည် ။

ပေါက်ဖော်ကြီးသည် သံချိတ်ကောက်ဖြင့် ချိတ်ဆွဲထားသော ဝက်သားတွဲများ အနက်မှ သုံးထပ်သားဝက်သားအတွဲအား ဖြုတ်ချလိုက်၏။ သည့်နောက်ဝက်သားလှီးသော ဓားဦးအချွန်ဖြင့် သွက်လက်ကျွမ်းကျင်စွာ သုံးထပ်သားကို အိခနဲလှီးချ လိုက်လေသည် ။

ထို့နောက် ချိန်ခွင်တစ်ဖက်အတွင်း ငါးဆယ်သားအလေးကိုထည့်ကာ ကျန်တစ်ဖက်အတွင်းသို့ သုံးထပ်သားကို ထည့်လိုက်ရာ သာသာထိုးထိုးဖြစ်သွားလေသည် ။

သို့တိုင်အောင် ၎င်းသည် ပြန်မနုတ်သည့်အပြင် အဆစ်တစ်တုံးကိုပါ ဝယ်သူအလိုကျဖြစ်အောင် လှီးထည့်ပေးပြန်၏။ ပြီးနောက် ကြွပ်ကြွပ်အိတ်ထဲထည့်ကာ လှမ်းပေးလိုက်သည် ။ ကျွန်ုပ်လည်း ၎င်းလှမ်းပေးသည့် ဝက်သားအိတ်အားလှမ်းယူကာ လာလမ်းအတိုင်း အပြင်သို့ ခပ်သွက်သွက်ကလေး ထွက်လာခဲ့လေသတည်း။

***

'ရှော့ဟော့… မင်းမှာ လိုက်တဲ့ ဝက်သား၊ အလေးချိန်ကတော့ ပြည့်မှ ပြည့်ပဲကွာ၊ ဒီပေါက်ဖော်ကြီးက တော်တော်သဘောကောင်းသားကွာ၊ နောက်ဆိုဝက်သားဝယ်ရင် သူ့ဆိုင်မှာ ပဲ ဝယ်ရမယ်'

'တော်ဘာတွေဖြစ်လာတာလဲ ကိုတေမိ'

'ဟ… ငါ ဘာဖြစ်လို့ လဲကွ၊ မင်းမှာ လိုက်တဲ့ ဝက်သားကို ဝယ်

လာပြီးပေးနေတဲ့ ဥစ္စာ’

‘ကိုင်း… ဒါဖြင့် တခြားမှာ တဲ့ ပစ္စည်းတွေ ဘယ်မလဲ’

‘အယ်… ဟုတ်ပါရဲ့ ၊ ငါ့ဈေးခြင်းတောင်းကြီးဝက်သားဆိုင်ရဲ့ ခွေးခြေခုံမှာ ကျန်ရစ်ခဲ့ပြီး၊ ဟင်… ဝက်သားသာယူလာခဲ့တာ၊ ဝက်သား ဖိုး လည်း မပေးခဲ့ရသေးဘူး’

‘ဟင်း… ဟင်း… ဟင်း ရှင်နော်၊ ရှင်… ကျုပ်ဒေါသတွေ အလိပ်လို က်ထွက် လာပြီနော်’

‘အေးပါကွာ၊ အေးပါ၊ မင်း ဆွမ်းအမီချက်နိုင်အောင် ဈေးကို ငါပြန်ပြေးပါ့မယ်’

‘ဒါဖြင့် မြန်မြန်လုပ်၊ အဲ… ပိုပြီး မြန်အောင် ကျုပ်တူလာထားသွားတဲ့ စက်ဘီးကိုစီးသွား’

‘အဲ… ကောင်းတယ်၊ ဒါဆိုဈေးကိုခပ်မြန်မြန်လေးရောက်မှာ ’

မိမိကိုယ်မိမိ သတိကြီးစွာထားပါလျက် မေ့လျော့ကာ အလွဲလွဲအချော်ချော်ဖြစ်ခဲ့လေတော့ ကျွန်ုပ်လည်း ကိုယ့်အပြစ်နှင့်ကိုယ် မို့ စက်ဘီးကိုဆွဲကာ အမြန်နင်းထွက်ခဲ့လေတော့သည် ။

ဈေးထဲရှိဝက်သားဆိုင်ရောက်တော့ တော်ပါသေးရဲ့ ဟု ဆိုရပေလိမ့် မည်။ အကြောင်းမူ ကျွန်ုပ်၏ ဈေးဆွဲခြင်းကလေးသည် ဝက်သားရောင်း သည့်ခုံဘေးရှိ ခွေးခြေပုကလေးထက်၌ တကယ့်ကို ငြိမ်ငြိမ်သက်သက် ကလေး ရှိနေသောကြောင့်တည်း။

‘ဘယ်လိုဖြစ်တာလဲ၊ ဆရာကီးရယ်၊ ဆရာကီးက ဝက်သားဖိုးမပေး ရသေးဘဲ ထွက်သွားတော့ ကိစ္စရှိလို့ ခဏထွက်သွားတယ်အောက်မေ့လို့ အသာငြိမ်နေလိုက်တာပါ၊ ဆရာကီးရဲ့ ခြင်းတောင်းကိုလည်း ကြည့်

ထားပါတယ်’

‘ကျေးဇူးပါပဲပေါက်ဖော်ကြီးရယ်၊ ရော့… ဝက်သားဖိုး၊ ကဲ စျေးခြင်းတောင်းယူပြီး ပြန်ဦးမယ်၊ သွားပြီပေါက်ဖော်ကြီးရေ… သွားပြီ’

ကျွန်ုပ်လည်း စျေးခြင်းတောင်းကို ဝမ်းသာအားရဆွဲလျက် မပြေးရုံတမည် ခပ်သုတ်သုတ်ကလေးထွက်လာခဲ့ရာ အနောက်ဘက်ဆီမှ …

‘ဗျို့၊ ဆရာကီး၊ ဟေး… ဆရာကီး’ဟူသည့် ပေါက်ဖော်ကြီး၏ လှမ်းအော်သံကိုပင် ဂရုမပြုနိုင်တော့ဘဲအိမ်အရောက် မာရသွန်လှမ်းလာခဲ့ရာ ‘ကလင်… ကလင်’ဟူသည့် စက်ဘီးဘဲလ်သံကို ကြားလိုက်ရသောအခါ …

‘ဟာ… သွားပြီ၊ ငါ စက်ဘီးကို ဝက်သားဆိုင် မေ့ပြီး ကျန်ခဲ့မိပြန်ပြီ၊ ပြဿနာပဲ၊ ဒီနေ့က ပြဿဒါးမလွတ်တဲ့ နေ့များ လားမသိဘူး၊ အင်း… စျေးကို လမ်းလျှောက်ပြီးပြန်သွားလျှင် တော်တော်နဲ့ ရောက်မှာ မဟုတ်ဘူး ၊ ဒီတော့’

ကျွန်ုပ်တောင်တောင်ဤဤ စဉ်းစားမနေတော့။ စျေးဘက်သို့ မောင်းနှင်မည့်ဘတ်စ်ကားတစ်စီး မှတ်တိုင်၌ ရပ်သည် နှင့် နောက်ဘက်အပေါက်မှ တက်လိုက်သည် ။

‘ဗျို့… ဆရာကီး၊ စျေးခြင်းတောင်းကိုအောက်ချပြီး အတွင်းထဲ တိုးစီးလေဗျာ၊ ခရီးသည် တွေ ထပ်တင်ရဦးမှာ ’

‘ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့’

စပယ်ယာ၏ ဟောက်သံကိုလည်း ကလန်ကဆန်မလုပ်ရဲ။ ကိုယ်စက်ဘီးကလေးသာ သူတစ်ပါးလက်ထဲပါသွားလျှင်တော့ ကျွန်ုပ်အဖို့ နေစရာပင်ရှိတော့မည်မဟုတ်။

‘ဝက်သားဆိုင်နံဘေး၌ ကျန်ခဲ့သော မိမိစက်ဘီးကလေး ပကတိအတိုင်းရှိနေပါစေ’ဟု သာ ဆုတောင်းနေမိသည် ။

‘ဈေးပါသလား၊ ဈေးမှတ်တိုင်ပါလား’

‘ပါတယ်ဟေ့၊ ဆင်းမယ်၊ ဆင်းမယ်’

ကျွန်ုပ်လည်း ဈေးမှတ်တိုင်ရောက်ပြီဆိုသဖြင့် ခရီးသည် တွေကြားမှ တိုးထွက်ကာ အောက်သို့ခပ်သွက်သွက်ကလေးဆင်း၍ ဈေးအတွင်းသို့ သုတ်ခြေတင်ရပြန်သည် ။

ဟော… တွေ့ပါပြီ၊ စက်ဘီးကလေး။

‘ဘယ်လိုဖြစ်တာလဲ ဆရာကြီးရာ၊ ‘ဝ’ဖြင့် ဆရာကြီးကိုကြည့်ရင်း မျက်စိကိုနောက်နေတော့တာပဲ၊ ဟိုမှာ ဆရာကြီးရဲ့ စက်ဘီး ယူစွား-ယူစွား’

‘အေးပါ… ကျေးဇူးတင်ပါတယ် ပေါက်ဖော်ရာ၊ ကိုင်း… သွားပြီ ဟေ့၊ ဂွတ်ဘိုင်’

ကျွန်ုပ်လည်း ဈေးအတွင်းမှ စက်ဘီးကလေးကို တွန်းထုတ်လျက် ဈေးအပြင်သို့ရောက်သည် နှင့် အိမ်ရှိရာသို့ ခပ်သွက်သွက်နင်းထွက်လာခဲ့ပါတော့၏။ သို့ဖြင့်မကြာမတင်မှာ ပင် အိမ်ပေါက်ဝသို့ ရောက်ပါလေတော့၏။

ထိုအခါ အိမ်ပေါက်ဝ၌ မျက်နှာထားတင်းတင်းနှင့် ခါးထောက်ဆီးကြိုနေသော မယ်ကုဝဏ်ကို တွေ့လိုက်ရလေသည် ။ အချိန်အနည်းငယ်နောက်ကျသည် မှ လွဲ၍ ဘာဆိုဘာမျှမဖြစ်ခဲ့လေသော ကျွန်ုပ်အဖို့ မယ်ကုဝဏ်မဟေသီအား ရင်မဆိုင်ရဲစရာ အကြောင်းမရှိပါ ။

သို့သော်… သို့ပါသော်ငြား…

‘ကိုင်း… ကိုအဟ္မာ၊ ဘယ်မလဲရှင့်စျေးခြင်းတောင်း’

‘အယ်’

ကျွန်ုပ်ကို ကျွန်ုပ်ဟုတ်လှပြီ၊ မှန်လှပြီ၊ သတိကောင်းလှပြီဟု ထင်ခဲ့သော်ငြား ယခုတော့ အလွဲလွဲအချော်ချော်ဖြစ်ခဲ့ရပြန်ပါပြီ။

ကျွန်ုပ်၏ စျေးခြင်းတောင်းကား ဘတ်စ်ကားခုံအောက်၌ ပုံ့သကူအဖြစ် ပါသွားလေပြီလေလားမသိတော့။ ခုတော့ ဘယ်လိုမျှ လမ်းစရှာမရနိုင်တော့ချေ။

ထိုညအဖို့ ကျွန်ုပ်လည်း မယ်ကုဝဏ်မဟေသီအမိန့်အတိုင်း ညစာငတ်ရပါချေပြီ။

ကိုယ့်အပြစ်နှင့်ကိုယ် ညစာမသုံးဆောင်ရသည့်အဖြစ်မို့ တပည့်ဖြစ်သူဆောင်ကြဉ်းပေးလာသည့်
နိုင်ငံခြားမော်ဒယ်အလှဓာတ်ပုံစာအုပ်ကြီးကလည်း ကျွန်ုပ်၏ ချင်ခြင်းအား ဘယ်လိုမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်လိမ့်မည် မဟုတ်တော့ပါတကား။

***